မြတ်စွာဘုရားရှင်သည် ရာဇဂြိုလ်ပြည်နှင့် မနီးမဝေး မကုဋ္ဌတောင်ခြေရင်းတော်တွင် ဆဋ္ဌမမြောက် ဝါကပ်တော်မူ နေစဉ် ဖြစ်သည်။
It was while The Ommescience Lord Buddha was dwelling for sixth lent on Mt. Makula in little distance from Raji (Razagyo) Kingdom.
ရာဇဂြိုလ်ပြည် သူဌေးသည် အခြံအရံများနှင့် ဂင်္ဂါမြစ်တွင် ရေကစားနေခိုက်···
While rich man of Raji was playing water in Ginga river with his followers,
ဟဲ့·ဟဲ့·မြစ်ထဲ မျောလာတာ ဘာကြီးလဲ· ဆယ်ယူကြစမ်း···
Hae....Hae....What is floating in river? Take it.
ဟိမဝန္တာဘက်မှ မျောလာသော စန္ဒာကူးနှစ်တုံးမှ တစ်တုံးကို အခြံအရံများက ဆယ်ယူနိုင်ခဲ့သည်။
The followers could have taken one block in two sandle wood blocks floated from Himalaya forest.

Rich man of Raji Kingdom carved it
into alm-bowl and.

သူဌေးကြီးသည် ထိုသို့ စာတမ်းချိတ်ဆွဲကာ သပိတ်အား ကပ်လှူ
ထားလိုက်လေ၏။

The rich man ordered to write like that and hung
down and offered it in sky.

ထိုအချိန်က "ဘုရား"ဟု အမည်ခံကာ လူအများ၏ကိုးကွယ်မှု ကို ခံယူနေသော တိတ္ထိကြီး (၆)ယောက် ရှိသည်။
In that time, there were six heretics who were worshipped by people in title Buddha.
ရာဇဂြိုလ်သူဌေးရဲ့ သပိတ်ကိုရရင် ငါတို့ ဘုန်းတန်ခိုး ပိုလို့ တောက်ပ နိုင်တယ်...
If we get alm-bowl of rich man of Raji, our power will be great more.
ဒါပေမဲ့ ကောင်းကင်က ရှာဉ်ခရီးနဲ့ ယူရမှာဆိုတော့ မဖြစ်နိုင်ဘူးလေ...
But, it is impossible to take it by journey levitation in supernatural power in sky.
ရာဇဂြိုလ် သူဌေးကို ပြောဆိုစည်းရုံးပြီး ရအောင် ယူရမှာပေါ့...
We'll persuade rich man and take it.
တိတ္ထိကြီးတို့သည် မိမိတို့တန်ခိုးတောက်ပရန် သူဌေးကြီးအား စည်းရုံးလေသည်။
The heretics persuaded rich man to be great their power.

လောကမှာ
ဘုရားဆိုတာ ကျွန်ုပ်တို့ပဲ - ဒါကြောင့်
သူဌေးကြီးရဲ့သပိတ်ကို အလှူခံချင်တယ် . . .
We're Buddhas in the world. So,
we want to accept your
alm-bowl.

အရှင်တို့
ကောင်းကင်ခရီးနဲ့သာ
ကြွပြီး ယူကြပါ . . .
My Lords, you can take it
by journey in
sky way.

ရာဇဂြိုလ်သူဌေးကြီး စကားကြောင့် တိတ္ထိကြီးတို့မှာ မစွမ်းသာပဲ
အရှက်ရကာ ပြန်ကြရသည်။

By the words of rich man of Raji Kingdom, heretics
couldn't anyway and went back in shame.

သူဌေးကြီးသည် တိတ္ထိကြီးတို့ကို ယုံကြည်မှု
မရှိတော့ချေ။

The rich man didn't beleive
on heretics.

စန္ဒကူးသပိတ် ချိတ်ဆွဲထားသော (၇)ရက်မြောက်နေ့တွင် အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလထေရ်တို့သည် ရာဇဂြိုလ်မြို့တွင်းသို့ ဆွမ်းခံ ကြွကြသည်။
Ashin Moukgalika and Ashin Peinnawla Arahants alm-rounded into Raji city on seventh day of hanging sandle alm-bowl.
ထိုအခါ ရာဇဂြိုလ်မြို့သားတို့ ပြောဆိုနေသောစကားများကို ကြားရလေ၏။
These two Arahants heard the words Raji citizens were talking.
ငါတို့ပြည်မှာ ဘုရားရဟန္တာဟု ဆိုနေကြသူတွေ အများကြီးရှိတယ်· ဒါပေမယ့်· · ·
The ones who are called Buddhas and Arahants are in our Kingdom. But,
ဘယ်သူမှ သူဌေးကြီးရဲ့ စန္ဒာကူး သပိတ်ကို မယူနိုင်ကြဘူး· · ·
no one could take sandle alm-bowl of rich man.
ဘယ်သူမှ ဈာန်တန်ခိုး မရှိကြလို့ပေါ့ကွ· · ·
It was that no one had intense concentration of mind.

ဟုတ်ပ…
သူဌေးကြီးက ကောင်းကင်ခရီးနဲ့ ကြွယူနိုင်တဲ့သူရှိရင် ယူလို့ စာတမ်း ချိတ်ထားတာပဲ…
Of course, the rich man hung signboard if any one can take it by journey in sky way, he can take.
ရဟန္တာ သူတော်စင်မှန်ရင် ကောင်းကင် ဗျာန်ခရီးနဲ့ ကြွနိုင်မှာပေါ့…
If one who is real Arahant or saintly person, he can take it by journey in sky way.
တို့ပြည်ထဲမှာ ဘုရားရဟန္တာဆိုတာ တစ်ပါးမှ မရှိပါဘူးကွာ အလကား လူညာတွေ…
No Buddha and no Arahant are in our Kingdom. They are unuseful liers.
ဟုတ်တယ်・ ဘယ်ပုဂ္ဂိုလ်ကိုမှ မယုံကြနဲ့…
Of course, Don't beleive on anybody.
မြို့သားတို့ ပြောဆိုနေသော စကားတွေကို မထေရ်နှစ်ပါး ကြားရလေသည်။
The two Arahants heard these words citizens were talking.

ထိုအခါ အရှင်မောဂ္ဂလာန်မထေရ်က အရှင်ပိဏ္ဍောလထေရ်အား ပြောလေသည်။
As a result, Ashin Moukgalika said to Ashin Peinnawla.
ငါ့ရှင် ပိဏ္ဍောလ・ဒီစကားတွေကို ငါတို့ အမှုမဲ့ အမှတ်မဲ့နေခြင်းဟာ မသင့်တော်ချေ・・・
My Lord Peinnawla, we shouldn't stay away from these words carelessly.
လူအများတို့ ရတနာသုံးပါးကို သံသယဖြစ်ကာ သံသရာမြစ်တွင် နစ်မွန်းသူတွေ များကုန်ပေလိမ့်မယ်・・・
People will have doubt on Three Precious Gems and they will be ones who drown in Samsara.
ဒါကြောင့် အရှင်ကိုယ်တိုင် ကောင်းကင်ခရီးဖြင့် သွားကာ သပိတ်ကို ဆောင်ယူပါ・・・
So, you should take this sandle alm-bowl in sky way yourself.
ကောင်းလှပါပြီ・ အရှင်・・・
Well, my Lord.

အရှင်မောဂ္ဂလာန် တိုက်တွန်းသည့်အတိုင်း အရှင်ပိဏ္ဍောလသည် အဘိညာပါဒကဖြစ်သော စတုတ္ထစျာန်ကို ဝင်စားကာ· · ·
Ashin Peinnawla concentrated in fourth state of deep concentration that was supernatural knowledge in highest state of Arahants.
အလျား၊ အနံ (၃) ဂါဝုတ်စီရှိသော ကျောက်ဖျာချပ်ကြီးကို ခြေမတော်ဖြင့် ညှပ်ပြီး ရာဇဂြိုလ်ပြည်မြို့ပေါ် ကောင်းကင်တွင် အကြိမ်ကြိမ်ပျံဝဲ စကြံ ကြွတော်မူသည်။
Ashin Peinnawla Arahant interlarded big stone slab in measure six miles in length and wide with his toe and flew many times in sky of Raji Kingdom.
ဟာ· · · ကျောက်ဖျာကြီး ကောင်းကင်မှာ ပျံဝဲနေတယ်ဟ· · ·
Har!...Big stone slab is flying in sky.
ရဟန်းတစ်ပါး ခြေမနဲ့ ညှပ်ထားတာဟ· · ·
A monk interlards it with toe.
မြို့သူ မြို့သားတို့သည် အံ့သြထိတ်လန့်ကာ ပြေးသူပြေး ပုန်းသူပုန်းနှင့် အုန်းအုန်းကျက်ကျက် ဖြစ်ကုန်၏။
The citizens were amazed and frightened. So, they ran away and hided.

ပိဏ္ဍောလမထေရ်သည် မြို့ပေါ်တွင် လှည့်လည်၍ ခုနစ်ပတ်ပြည့်သောအခါ ကျောက်ဖျာကို ခြေနင်းခတ်၍ မူလနေရာသို့ ပြန်ရောက်ရှိစေလိုက်သည်။
After Ashin Peinnawla rounded for seven times in sky on city, he pushed stone slab with his toe and wished to get back it's original place.
ပြီးမှ ရာဇဂြိုလ်ပြည်သူဌေး အိမ်ထက်ကောင်းကင်တွင် ရပ်တန့် နေလေ၏။
And then, he stood in sky upon house of rich man of Raji Kingdom.
မြင့်မြတ်စစ်မှန်တဲ့ ရဟန္တာသူတော်စင်ပဲ • ငါ့ရဲ့ သပိတ်တော်ကို လှူဒါန်းခွင့်ရပြီ • •
He is noble and real saintful Arahant. I've got chance to donate my royal alm-bowl.
သူဌေးကြီးသည် ပိဏ္ဍောလမထေရ်ကို အိမ်တွင်ပင့်ကာ သပိတ်အပြည့် စတုမဓုထည့်ကာ ဆက်ကပ်လေသည်။
The rich man called on Ashin Peinnawla Arahant into his house and put electuary to be full alm-bowl and offered.

ဗုဒ္ဓဘုရားရှင်သည် အထက်ပါ သတင်းအစုံကို ကြားသိတော်မူသောအခါ ·ရဟန်းများအား တန်ခိုးပြာဋိဟာ မပြသရန် သိက္ခာပုဒ်ပညတ်တားမြစ်တော်မူ၏။
When The Lord Buddha heard above news, he prohibited rules of conduct for monks not to show miraculous power.
ထိုအခါ တိတ္ထိဆရာကြီးတို့သည် ကြွားလုံးအဖုံဖုံနှင့် ဝါဒ ဖြန့်လေသည်။
As a result, heretics propagated in boast.
ဘုရားဆိုတဲ့ ရှင်ဂေါတမနဲ့ ရဟန်းတွေဟာ ဘာ အစွမ်းမှ မရှိပါဘူး···
Ashin Gautama called Buddha and monks have no any power.
ငါတို့ကမှ တန်ခိုးအစွမ်း ရှိတာပါ···
Only we have power.
ရှင်ဂေါတမနဲ့တောင် ယှဉ်ပြိုင် တန်ခိုး ပြလိုက်ချင်တယ်···
We want to compete in power with Ashin Gautama.

ဘုရားရှင်၏ တားမြစ်ချက်ကြောင့် တန်ခိုးပြသခွင့်မရှိသော ရဟန်းတို့ ကို တိတ္ထိဆရာကြီးတို့က ရှုံ့ချပြောဆိုကြသည်။
The heretics censured to monks who have no chance to show power by the prevention of Lord Buddha.
ထိုစကားတို့ကို ကြားရသော ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်အား လျှောက်ထားလေ၏။
King Beinmisara who knew this word, addressed at The Lord Buddha.
အရှင်ဘုရား တိတ္ထိကြီးတွေဟာ . . . အရှင်ဘုရားနဲ့ ရဟန်းသံဃာတွေကို ရှုံ့ချပြောဆိုနေကြပါတယ် ဘုရား . . .
Lord Buddha, heretics are censuring you Lord Buddha and monks.
ကောင်းပြီ . . . ဤလမှ လေးလလွန်သော ဝါဆိုလပြည့်နေ့၌ ကဏ္ဍမ္ဗသရက်ဖြူပင်အနီးတွင် . . .
Well, At near from kamnamba white mango tree on full-moon day of Waso after fourth month from this month,
ငါဘုရားကိုယ်တိုင် တန်ခိုးပြဋ္ဌိဟာကို ပြတော်မူမယ် . . .
I, Lord Buddha myself will show miraculous power.

တိတ္ထိဆရာကြီးတို့လည်း ဘုရားရှင်နှင့်ပြိုင်ကာ တန်ခိုးပြရန် မဏ္ဍပ်ကို ခိုင်ခံ့သော ရှားတိုင်တို့ဖြင့် ဆောက်လုပ်ကြသည်။

The heretics built pandles with strong cutch pillors to compete with Lord Buddha in power.

သို့သော် လေနတ်သား၊မိုးနတ်သား၊နေနတ်သား တို့က လေနီကြမ်းများတိုက်၊ မိုးကြီးများရွာကာ ဖျက်ဆီးပစ်ကြ၏။

But, wind celestial beings, rain celestial beings and sun celestial beings destroyed them in strong wind and heavy rain.

Wall !... Wall !... Walll !...

Wonne!

မဏ္ဍပ်လည်းပျက်၊ တိတ္ထိဆရာကြီးတို့လည်း ကစဉ့်ကလျားဖြစ်ကာ ခြေဦးတည့်ရာ ပြေးကြတော့သည်။

The pandles were destroyed and heretics were disorderedly and ran aimlessly.

တိတ္ထိဆရာကြီးတို့၏ မဟာအစီအစဉ်ကြီးမှာ မအောင်မြင်ဘဲ ပျက်စီး လေတော့သည်။
The great plan of heretics was damaged without success.
Wonne!... Wall !... Wall !...
ကယ်ကြပါဦး
Help me ...
ကယ်ကြပါဦး ဝူး
Help me ... Wuu: !...
တိတ္ထိတို့မှာ ရေတွင် မျောကာ ဒုက္ခရောက်ကြရတော့၏။
The heretics were floated and in trouble.
ပူရဏကဿပဆရာကြီးကား ကြိုးနှင့် အိုးကို လည်တွင်ဆွဲကာ မြစ်ထဲဆင်း သေလေ၏။
Heretic called Pujarakasapa hung the pot with rope on his neck and went down in river and died.
ရှက်စရာ ကောင်းလိုက်ကာ・・・ကိုယ့်ကိုကိုယ် သတ်သေတာပဲ ကောင်းတယ်・・・
It is shame. It's better to commit suicide myself.

ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် ၃၆ ယူဇနာသော
မြေ အရပ်တွင် ပရိသတ်တို့ စုဝေးစေလျက်···
The Lord Buddha ordered to gather audiences on
full-moon day of Waso at 288 miles wide land.
စကြဝဠာတိုက်အလုံးကို အဖုံးအကွယ်
မရှိ မြင်စေနိုင်သော လောကဝိဝရဏ
တန်ခိုးကို ဖွင့်တော်မူ၏။
And, opened through universe
to see well uncoveredly by
supernatural power for world.
ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ ရတနာစင်္ကြံ၌
ရပ်တော်မူသည်။
He created the treasure path and
stood up on it.
ထိုအခါ ဃရဏီအမည်ရှိသော ဥပါသိကာမ
သည်လည်းကောင်း၊ စူဠအနာထပိဏ် မည်
သော အနာဂါမ်သူဌေးသည်လည်းကောင်း၊
At that time, female lay-devotee
called Garani, rich man who attained
in third stage of Eight fold Path to
Nirvana called Sula Anatapein,
ဝီရသာမဏေ၊ စုန္ဒသာမဏေ၊ ဥပ္ပလဝဏ်
ဘိက္ခုနီမနှင့် ရှင်မောဂ္ဂလာန်မထေရ်တို့က
တောင်းပန်ကြ၏။
Vira novice, Sonda novice,
Oakpalawon female number
of The Order and Ashin
Moukgalika Arahant requested.

အရှင်ဘုရား
ကိုယ်တော်တိုင် တန်ခိုးပြာဋိဟာ
မပြတော်မူပါနဲ့. တပည့် သာဝကများ
ကိုသာ ပြခွင့်ပြုပါ ဘုရား…
Lord Buddha, you shouldn't
show miraculous power
youself. You should allow
your disciples
for that.
ချစ်သားတို့…
မတားမြစ်ကြနဲ့. ၊ ငါဘုရားကိုယ်တိုင်
ပြတော်မူမည်…
Lovely sons, Don't prevent.
I, Lord Buddha myself
will show it.
ဗုဒ္ဓဘုရားရှင်သည် တောင်းပန်မှုအားလုံးကို ပယ်တော်မူကာ လူနတ်
ဗြဟ္မာ ပရိသတ်တို့အလယ်၌ ယမကာပြဋိဟာကို ပြတော်မူလေသည်။
The Lord Buddha againsted all requests and showed
his miracle of radiating fires and water simultaneousely
from his eyes, ears and nose among audiences.

ဘုရားကိုယ်တော်၏ အထက်ပိုင်းမှ မီးလျှံတို့ တဖွားဖွားထွက်၍ ကိုယ်တော်၏ အောက်ပိုင်းမှ ရေအလျဉ်သည် တသွင်သွင် စီးဆင်းလေသည်။
The flames radiated simultaneousely from upper part body of Lord Buddha and water radiated simultaneousely from lower part body.
နောက်တစ်ဖန် အောက်ပိုင်း ကိုယ်တော်မှ မီးလျှံတို့ ထွက်သောအခါ အထက်ပိုင်းကိုယ်တော်မှ ရေအလျဉ်တို့ တသွင်သွင်စီးကြကုန်သည်။
As again, flames radiated simultaneousely from lower part body of Lord Buddha and water radiated from upper part body.

ဘုရားရှင်၏ လက်ယာနှင့် လက်ဝဲ မျက်လုံး တော်တို့မှလည်းကောင်း၊ နားတော်များ၊ ပခုံး တော်များ၊ နှာခေါင်းတော်များ၊ နံပါးတော်များ၊

Water and flames radiated from right side and left side of eyes, ears, nose, shoulders and part of body below armpits,

ခြေတော်များ၊ လက်ချောင်း၊ ခြေချောင်းတော်များမှ ရေအလျှဉ်၊ မီးအလျှဉ်များ၊ တောက်ပဖြာလဲ့ စီးဆင်းကြကုန်သည်။

and from foot, hands and toes.

ကိုယ်တော်၏ အစိတ်အပိုင်းတို့မှ ရောင်ခြည်တော်တို့ အစဉ်အလိုက် ကွန့်မြူး ထွက်ပေါ်ကြကုန်၏။

Aureole of brown, gold, red, white, sombre and coruscating hues emanating radiated brilliantly in pair from body of Lord Buddha.

လူ့ ပြည်မှလူအများတို့သည် မိမိတို့နေရာမှ
ရပ်တည်လျက်ပင် နတ်ပြည် ခြောက်ထပ်၊
ဗြဟ္မပြည် ၂၀တို့မှ နတ်ဗြဟ္မာများကိုလည်းကောင်း၊
Mankind from mundane world could see
well celestial beings from six-tiered
abode of celestial beings, Brahmas from
twenty-tiered abode of Brahma and
ငရဲကြီးရှစ်ထပ်နှင့် ဥဿဒငရဲ လောကန္တရိတ်ငရဲတို့မှ ငရဲသားများ
ကိုလည်းကောင်း မြင်တွေ့နိုင်ကြကုန်သည်။
denizens of hell from purgatory situated between
three cosmic entities.
ဗုဒ္ဓဘုရားရှင်သည် ရတနာစင်္ကြံထက်
ကောင်းကင်မှ တန်ခိုးတော်များကို
အဖန်ဖန်ပြု၍ ပြတော်မူ၏။
The Lord Buddha created
miraculous power again and
again on treasure Path in sky.

ဗုဒ္ဓဘုရားရှင်သည် တန်ခိုးတော်များပြရင်း တရား
ဒေသနာတော်ကိုလည်း ဟောကြားတော်မူသည်။
On Lord Buddha was showing his
miraculous power, preached the
sermon.
ထိုတရားတော်ကိုနာကြားရသဖြင့် ကုဋေများစွာ
သော လူ၊ နတ်၊ ဗြဟ္မာတို့သည် သစ္စာလေးပါး
တရားသိမြင်ကာ ကျွတ်တမ်း ဝင်ကုန်ကြ၏။
ထိုသို့တန်ခိုးတော်များပြကာ တရားဟောကြား
ပြီးနောက် ဗုဒ္ဓ ဘုရားရှင်သည် ညချမ်းတွင်
တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၏။
A lot of men, celestial beings and
Brahmas were emancipated from
Samsara in knowing Four Noble
Truths by hearing sermon of Lord
Buddha.
After that, The Lord Buddha stepped
to Tarwadeintha celestial realm.
လက်ယာခြေကို ယုဂန္ဓိုရ်တောင်၊ လက်ဝဲခြေတော်ကို တင်ချီလျက်
ခြေနှစ်လှမ်းဖြင့် ကြွတော်မူသည်။
The Lord Buddha took two steps to Mt. Yuganda
by his right sole and to Mt. Meru by his left sole.
၂၁

ဘုရားရှင်သည် ဝါတွင်း (၃)လ ပတ်လုံး တာဝတိံသာ နတ်ပြည်တွင် ဝါကပ်တော်မူကာ အဘိဓမ္မာတရားကို ဟောကြားခဲ့သည်။
The Lord Buddha dwelled for three months during lent in Tarwadeintha celestial realm and preached philosophy of an individual.
သီတင်းကျွတ်လပြည့်နေ့တွင် လူပြည်သို့ ပြန်လည် ကြွမြန်းတော်မူလေသည်။
And decended to mundane world on full. moon day of Thadinkyut luner month.
သင်္ကဿမြို့တံခါးအရပ်တွင် များစွာသော ရဟန်းလူ ပရိသတ် များကို တရားဒေသနာတော်များ ဟောကြားတော်မူပြီးနောက်၊
After preaching sermon to many audiences at door of Thinkutha city,
သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် စံမြန်း နေထိုင်ကာ ဝေနေယျသတ္တဝါအပေါင်းအား တရား ရေအေး တိုက်ကျွေးဝေငှတော်မူသည်။
on dwelling at Jetavana (Zaytawon) monastery, preached the sermons to all creatures.

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တပည့်သာဝကများ တစ်နေ့တစ်ခြား
တိုးပွားလာသည်ကို တိတ္ထိကြီးတို့ မရှုစိမ့်နိုင်ကြချေ။
Herehics couldn't look developing lay-devotees including monks day by day at The Lord Buddha.
ငါတို့ရဲ့ ဘုန်းတန်ခိုးအရှိန်အဝါတွေ ဘာမှ မရှိတော့ဘူး···
We have no any power.
မြို့သူ မြို့သားတွေလည်း ရဟန်းဂေါတမအနီးမှာ ရောက်ကုန်ပြီ···
All citizens are at monk Gautama.
ဟုတ်တယ်···
ဂေါတမနဲ့ ရဟန်းသံဃာတွေကိုပဲ လူတွေက ပူဇော်လှူဒါန်းနေကြတယ်··
Right, people are worshipping at The Lord Buddha and monks.
ငါတို့အတွက် လာဘ် ပူဇော်သက္ကာရတွေ ရှားပါးလာကုန်ပြီ···
We're difficult for bribes.
ထိုကြောင့် တိတ္ထိတို့သည် ဘုရားရှင်အား အကြည်ညို ပျက်ရန် ကြံစည်ကြတော့သည်။
So, heretics conspired on Lord Buddha to lose respect.

သာဝတ္ထိပြည်၌ "စိဉ္စမာဏဝိကာ" အမည်ရှိသော ပရိဗိုဇ်မ တစ်ယောက် ရှိသည်။
A female intinerant heretic named Seinsamanavika was in Savathi Kingdom.

မန်ကျည်းပင်တွင် သံသေဒဇ ပဋိသန္ဓေစွဲကာ မွေးလာ သူမို့ စိဉ္စမာဏဝိကာ (မန်ကျည်းပင် သန္ဓေသူမိန်းမပျို) ဟု အမည်တွင်ခြင်း ဖြစ်၏။
As the one who was in process of birth out of foam pregnancy on tamarind tree was named Seinsamanavika.
နတ်သမီးတမျှ ချောမောလှပသော စိဉ္စမာဏသည် တိတ္ထိဆရာကြီးတို့ ကို ကိုးကွယ်သူဖြစ်၏။
Beautiful Seinsamana liked female celestial beings was one who worshipped to heretics.

အင်း···
ငါတို့တပည့်မ···
စိဉ္စမဏနဲ့ တိုင်ပင်ပြီး ဂေါတမကို
ဒုက္ခပေးရမည်···
Inn, we have to consult with our pupil Seinsamana and will give trouble to Gautama.
တိတ္ထိဆရာကြီးတို့သည် စိဉ္စမာဏကိုခေါ်ကာ စေခိုင်းတော့၏။
Heretics called on Seinsamana and ordered.

ချစ်တပည့်
စိဉ္စမာဏ•ငါတို့မှာ ရဟန်း
ဂေါတမကြောင့် လူတွေရဲ့ ပူဇော်ပူတွေ
ယုတ်လျော့နေပြီ...
Lovely pupil Seinsamana, We've decreased bribes because of monk Gautama.
လာဘ်
ကင်းမဲ့ပြီး...
ကြာရင် ဒုက္ခရောက်တော့မယ်
ချစ်တပည့်ကူညီမှ ဖြစ်တော့မယ်၊
If it takes for long time, we'll be in trouble with no bribes. You'll help us, my pupil.
ပြောပါ
ဆရာကြီးတို့ ကျွန်တော်
မျိုးမ ကူညီနိုင်တာဆိုရင်
ကူညီပါ့မယ်...
Tell me, if I could, I'll help.
တိတ္ထိဆရာကြီးတို့လည်း ရုပ်ဆင်းအင်္ဂါ
ချောမောလှပသော စိဉ္စမာဏအား မိမိ
တို့ အကြံအစည်အတိုင်း စေခိုင်းလေ
တော့၏။
Heretics ordered beautiful in appearance Seinsamana as their conspire.

စိဉ္စမာဏာသည် ထိုနေ့မှ စ၍ နေ့စဉ် ဘုရားရှင် သီတင်း
သုံးရာ ဇေတဝန်ကျောင်းတော်သို့ နေ့စဉ် သွားသည်။

Seinsamana went to Jetavana monastery where The Lord Buddha was dwelling daily started from that day.

ညနေ နေဝင်ရီတရောတွင်လည်း အစွမ်းကုန် ခြယ်သ
ဖြီးလိမ်း ပြင်ဆင်ကာ ဇေတဝန်ကျောင်းသို့ သွား၏

She decarated utmost and went to Jetavana monastery in dark.

လမ်းတွင် မြင်တွေ့သူများကိုလည်း
ရယ်မောပြုံးရွှင်စွာနှင့်ပြောတတ်သည်။

And used to speak happily the ones on the way.

ဒီမိန်းမ - အချိန်မတော်မှ
ဘာ သွားလုပ်မလို့ပါလိမ့် . . .
Why is she going there in
inopportune time?

မနက် မိုးစင်စင်လင်းလျှင် ဇေတဝန်ကျောင်းတော်မှ ပြန်လာဟန်နှင့် ပြန်လာတတ်သည်။
She pretend in coming back from Jetavana monastery in day started.
အို…စိဉ္စမာန် နမပျို့ စောစောစီးစီး ဘယ်က ပြန်လာတာလဲ…
Oh!...Young Seinsamana, Where do you come back from?
ဘယ်က ပြန်လာရမလဲရှင်… ကျောင်းတော်က ပြန်လာတာပေါ့…
I come from Jetavana monastery.
ဇေတဝန် ကျောင်းတော်က ဟုတ်လား… သင့် ကြည့်ရတာ အခုမှ အိပ်ရာက ထလာတာနဲ့ တူတယ်…
Is it from Jetavana monastery? You seem get up now.
ဟုတ်တယ်လေ အခုပဲ အိပ်ရာကထ ပြန်လာတာ ပေါ့ရှင့် အဟင်း-အဟင်း…
Yes, I get up now. Ahin!...Hin!
မေးသူများ အထင်လွဲအောင် စိဉ္စမာဏက ဖြေဆိုတတ်၏။
Seinsamana used to answer to misunderstand to askers.

ဒါဆို···သင်
အဘယ်မှာ ညအိပ်ခဲ့တာလဲ···
If it's so, Where did you sleep?
အဟင်း···ကျွန်မ
ဘယ်မှာ ညအိပ်သလဲဆိုတာ ရှင်တို့
သိလို့ ဘာအကျိုး ရှိမှာလဲရှင့်···
Ahin!... What benefit do you have if you know where I slept?
မသိချင်ပါနဲ့···
အဟင်း···ဟင်း···
Don't want to know. Ahin!...Hin!
ထိုသို့ ထင်မှားဖွယ် အဖြေစကားများ ပြောတတ်သော စိဉ္စမာဏကို လူအပေါင်းက သံသယ ဖြစ်မိကြသည်။
All people got doubt on Seinsamana who used to speak to misunderstand.
ဒီမိန်းမ··အချိန်
မတော်ဆိုရင် ကျောင်းတော်ကို
သွားတယ်···ပြီးရင် မနက်အစောကြီး
ပြန်လာတတ်တယ်ဗျ···
This woman goes to monastery in inopportune time and comes back early.

ဟုတ်တယ်ဗျ···
ကျုပ်နဲ့ဆုံတာ လေးငါးကြိမ်
မကတော့ဘူး···
Of course, I've met with her for more than five times.
တစ်ခုခုတော့
တစ်ခုခုပဲ···မိန်းမ
တစ်ယောက် ရဟန်းသံဃာ
တွေပဲရှိတဲ့ ကျောင်းကို
သွားနေတာ မရိုးသားဘူး···
It's something Going to monastery is dishonest.
ကြည့်ရတာ
ကျောင်းမှာ ညအိပ် ညနေများ
နေနေသလား မသိဘူး···
It seems staying whole night at monastery.
ကျုပ်လည်း
အဲဒါကို သံသယဝင်နေတာဗျ···
ဒီမိန်းမ မရိုးသားဘူး ထင်တယ်···
I've doubt it. This woman is dishonest.
ကိုင်း··ကိုင်း··
ဘာမှ မသိဘဲ မပြောနဲ့တော့ဗျာ··
အကုသိုလ် ရနေပါဦးမယ်···
Well, Don't talk without knowing anything. You'll get misdeed.

စိဥ္စမာဏာ ကား နေ့စဉ် နေ့တိုင်း ပြုမြဲအလုပ်ကို ပြုသည်
ညနေခင်းဆို ကျောင်းတော်ကို သွားသည်။

Seinsamana had been doing as she did daily.
She went to monastery in every evening.

မနက် စောစောဆိုလျှင် ကျောင်းတော်ကြီးမှ ပြန်လာဟန်
နှင့် ပြန်လာတတ်သည်။

She pretended coming back from monastery
next early morning.

ထို မြင်ကွင်းကို မြင်တွေ့နေရသူ
အပေါင်းကလည်း အရိပ်တကြည့်
ကြည့် နားမလည်နိုင်စွာ ဖြစ်နေ
ကြတော့သည်။

Everybody saw like that
was misunderstanding
for this view.

ထိုသို့ဖြင့် အချိန်ကာလ ရှစ်လ၊ ကိုးလ လွန်လေသောအခါ စိဉ္စမာဏသည် တကယ့်ကိုယ်ဝန်အရင့်အမာနှင့် မိန်းမပာန်ဆောင်လေသည်။
Seinsamana pretended as she was carrying advanced stage of pregnancy after eight or nine months.
ဘဲဥ ထက်ခြမ်းပုံ သစ်သားဗန်းကို ဝမ်းဗိုက်တွင် ကြိုးနှင့်သိုင်းဖွဲ့ချီပြီး . .
She tied arched timber on her wamb and
လက်ဖမိုး၊ ခြေဖမိုး၊ မျက်နှာတို့ကို မွေးဖွားခါနီး အမ်းနေသည့် အသွင်ဖြစ်အောင် ထုရိုက် နီမြန်းအောင် ပြုသည်။
made beating to be emborrassed in appearance her back of hand, back of sole and face as nearly to bear.
အင်း . .
ဒီအတိုင်းဆို ငါ့ကို သားမွေးဖွားခါနီးမိန်းမလို့ပဲ ထင်ကြမှာ သေချာတယ် . . .
Inn, it's sure I'll be thought that I'm a woman nearly to bear.
ရှင်ကြီးဂေါတမတော့ ဒီနေ့ မဟာအရှက်ကွဲပြီမှတ် . . .
Lord Gautama, You must be put to shame today.

ဗုဒ္ဓဘုရားရှင်သည် ညနေချမ်းအချိန်တွင် ဓမ္မပလ္လင်တွင် ထိုင်တော်မူကာ ပရိသတ်လေးပါးအား တရားဟောပြောနေ၏။
The Lord Buddha was preaching sermon to four kinds of audiences in sitting on alter in evening.
ထိုအချိန်တွင် စိဉ္စမာဏသည် တရားသဘင်သို့ ရောက်ရှိလာကာ ဗုဒ္ဓဘုရားရှင်၏ ရှေ့တည့်တည့်မှ ဝင်ရပ်လေသည်။
At that time, Seinsamanna got to preaching ceremony and stood up in front of The Lord Buddha.
ရဟန်းကြီး··· သင်ကတော့ စိတ်အေးလက်အေးနဲ့ လူအပေါင်းကို တရားဟောနေနိုင်တယ်···
Monk, You're preaching sermon to all people without worry.
ကျွန်မမှာ ရှင်ရဟန်းကြီးကြောင့် ရခဲ့တဲ့ ကိုယ်ဝန်က ရင့်ကျက်လာပြီ··· ကြည့်ကြည့်ပါဦး···
Pregnancy I'm carrying because of you is advanced. Look!
Hel!...
Oh!...
Hin!...
ပရိသတ်အပေါင်း အံ့သြထိတ်လန့်စွာ ရေရွတ်ကုန်ကြသည်။
Audiences muttered frightenedly.

စိဉ္စမာဏ ကား ဗုဒ္ဓဘုရားရှင်ကို စွပ်စွဲပုတ်ခတ်စကားများကို ဆက်၍ ပြောကြားလေသည်။
Seinsamana told provoked and accused words.
သင် ရဟန်းကြီးဟာ ကျွန်မအတွက် မွေးဖွားရန် အိမ်ကိုလည်း မစဉ်းစားဘူး‥ အာဟာရပြည့်ဝအောင်လည်း မကျွေးမွေးခဲ့ဘူး…
Thou, monk, you didn't think home to bear for me and didn't provide food to satisfy.
တကယ်ဆို သင်ရဟန်းကြီးကိုယ်တိုင် မပြုလိုလျှင် တပည့်ဒါယကာတွေဖြစ်တဲ့ ကောသလမင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါကျောင်းအစ်မ တို့ကို စေခိုင်းသင့်တယ်…
In case, if you didn't wish to do yourself, you should order your devotees king kawsala, Anatabein rich man and Visaka.
အခုတော့… သင်ရဟန်းကြီးဟာ ဘာကိုမှ ဂရုမစိုက်ဘဲ ကိုယ်ရဲ့ ကိုယ်ဝန်သားကိုတောင်မှ စောင့်ရှောက်လိုစိတ် မရှိသူပါလား…
Now, you're one who have no consciousness to look after your baby without being careful anything.

စိဉ္စမာဏာ၏ စွပ်စွဲစကားများကို ကြားရသောအခါ ဗုဒ္ဓဘုရားရှင်သည် တရားစကားကို ခေတ္တ ရပ်၍ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောအသံဖြင့်···
When The Lord Buddha heard the accused words of Seinsamana, he stopped preaching and said in brave sound as a lion.
နှမ စိဉ္စမာဏာ··· သင် ယခု ပြောကြားအပ်သော စကားရဲ့ မှန်သောအဖြစ် မမှန်သော အဖြစ်ကို သင်နဲ့ငါသာ သိကြသည်···
Sister, Seinsamana, only you and me know about you're telling now is right or wrong.
မှန်တာပေါ့ ရဟန်းကြီး···သင်နဲ့ငါတို့ နှစ်ဦးသာသိလို့လည်း ဒီလို ကိုယ်ဝန်ကြီး ရင့်မာလာတာပေါ့···
That's right monk. This pregnancy becomes advance as both of us knew.
စိဉ္စမာဏာ ကား အလျှော့မပေးဘဲ မိုက်မဲရဲတင်းစွာပင် ဗုဒ္ဓဘုရားရှင်အား ထပ်မံ စွပ်စွဲပြန်သည်။
Seinsamana accused again foolishly without giving in.

တရားသဘင်တွင်ရှိနေသော ရဟန်းလူအပေါင်းသည် စိဉ္စမာဏ၏ စွပ်စွဲစကားတွေကြောင့် ဘုရားရှင်အား ဝိုင်းဝန်းကြည့်နေကြ၏။
All monks and lay devotees were looking at Lord Buddha at preaching ceremony because of occused words of Seinsamana.
မယုံမရဲသော သံသယစိတ်များလည်း ဖြစ်နေကြလေသည်။
They were in doubt.
တို့ ဘုရားရှင်က ဒီမိန်းမနဲ့ ပတ်သက်နေတာတဲ့လား…
Is our Lord Buddha concerning with this woman?
စိဉ္စမာဏ နေ့တိုင်း ဇေတဝန်ကျောင်းကို သွားလာနေတာတော့ မြင်တွေ့နေမိသား…
I've ever seen going to Jetavana monastery everyday by Seinsamana.
စိဉ္စမာဏကား ဗုဒ္ဓဘုရားရှင်အား အောင်နိုင်သော မျက်ဝန်းတွေနှင့် ပြုံးကြည့် နေလေသည်။
Seinsamana smiled and looked at The Lord Buddha as a winner.

ထိုအချိန်တွင် တာဝတိံသာပြည်ရှိ သိကြားမင်းနေထိုင်ရာ "ပဏ္ဍုကမ္ဗလာ"မြကျောက်ဖျာသည် ပူနွေးလာလေသည်။
The emerald stone slab called pannukambala of Sakka in Tarwateintha celestial realm became hot.
အလို··· ငါ့ရဲ့ မြကျောက်ဖျာက ပူလောင်လာပါလား···
Alo!... my emerald stone slab becomes hot.
သိကြားမင်းလည်း အကျိုးအကြောင်းကို ဆင်ခြင်ကြည့်ရှုလေ၏။
Sakka considered cause and effect.
ဗုဒ္ဓဘုရားရှင်၏ တရားပွဲသဘင်ကို သိကြားမင်းပြေး၍ မြင်တွေ့သွားခဲ့၏။
Sakka saw preaching ceremony of Lord Buddha.
ဟယ်···စိဥ္စမာဏ မိန်းမယုတ်···မကြံစည်အပ်တာတွေ ကြံစည် ပြုမူနေပါလား···
Hel... inferior Seinsamana. You are conspiring and acting that shouldn't be.

စဥ္စမာဏ မာယာ လှည့်စားမှုကြောင့် ဗုဒ္ဓဘုရား
အပေါ် ရဟန်း လူ၊ ပရိတ်သတ်တို့ သံသယဝင်
နေသည်ကိုလည်း သိရှိ သွားလေသည်။
Sakka knew about the people got doubt on Lord Buddha because of Seinsamana's deceit.
အင်း · · ·
အတုမရှိတဲ့ ဘုရားရှင်
ကိုမှ မိုက်မဲတဲ့ အကြံအစည်
ပြုရက်တယ် · · ·
Inn, She did in inferior conspiration to incomparable Lord Buddha.
ဟေ့ · · · နတ်သား
လေးပါး အမြန် လာကြစမ်း · · ·
Hae... four celestial beings, come here.
သိကြားမင်းသည် နတ်သားလေးပါးအား
ချက်ချင်းပင် ဆင့်ခေါ်လေသည်။
Sakka called on four celestial beings atonce.

နတ်သားလေးပါး ရောက်ရှိလာသောအခါ
စေခိုင်းလေတော့၏။
When four celestial beings arrived,
he ordered.
အမောင်
နတ်သားတို့ ယခုပင်
လူပြည်ရှိ ဗုဒ္ဓဘုရား၏ တရားပွဲ
သဘင်ကို သွားကြပါ···
Thous, you go down to
preaching ceremony of
Lord Buddha in
mundane world
now.
ဗုဒ္ဓဘုရားရှင်ကို
မိန်းမမာယာနဲ့ မိုက်မဲစော်ကားနေတဲ့
စိဉ္စမာဏဝိကမိန်းမယုတ်ရဲ့ လုပ်ရပ် အားလုံး
သိအောင် ဖော်ထုတ်ပြစမ်း···
Reveal deed of inferior Seinsamana
who insulting foolishly in deceit
of woman to Lord Buddha
to know all.
ကောင်းလှပါပြီ
သိကြားမင်း···
Well,
Lord Sakka.
နတ်သားလေးပါးတို့လည်း သိကြားမင်း
စေခိုင်းသည့်အတိုင်း လူပြည်သို့အမြန်
ဆင်းသက်လာကြ၏။
The four celestial beings went
down to mundane world
quickly as Sakka ordered.

တရားသဘင်းသို့ ရောက်ကြသောအခါ ကိုယ်ဝန်အတုအယောင်နှင့် ဗုဒ္ဓဘုရားရှင်အား စွပ်စွဲနေသော စိဥ္စမာဏကို တွေ့ကြလေသည်။
When they got to preaching ceremony, they saw Seinsamana who accusing with immitated pregnancy to Lord Buddha.
အင်း...ဘုရားရှင် အပေါ်မှာ ရဟန်း၊ လူ၊ ပရိသတ်တွေ အထင်အမြင်လွဲမှားကုန်တော့မှာပဲ...
Inn, monks and men will misunderstand on Lord Buddha.
စိဥ္စမာဏ မိန်းမယုတ်ရဲ့ လှည့်စားမှုကို အားလုံးသိအောင် ငါတို့ အခုပင် ပြုကြစို့...
Let we act to know all on deceiting of Seinsamana now.
နတ်သားလေးပါးတို့သည် ကြွက်ငယ်များ အသွင် ပြောင်းလိုက်ကြသည်။
The four celestial beings created into mouses.

ထို့နောက် စိဉ္စမာဏာ၏ ခန္ဓာကိုယ်တွင်းသို့ဝင်ခဲ့ကြကာ ဝမ်းဗိုက်တွင် ဖွဲ့ချည်ထားသောကြိုးတို့ကို ပြိုင်တူ ကိုက်ဖြတ် လိုက်ကြသည်။
And then, entered into the covered cloth of Seinsamana and cut off the tied ropes in unison.
စိဉ္စမာဏာ ဝတ်ဆင်ထားသောဝတ်ရုံ လွှာကိုလည်းအထက်သို့လွင့်အောင် လေတိုက်လွှတ်သည်။
They winded the covered cloth she wore to be blown up.
သစ်သားဗန်းကို ဖွဲ့ချည်ထားသော ကြိုးတို့ ပြတ်တောက်သောအခါ · · ·
When they cut off the ropes from tied arched timber,
စိဉ္စမာဏာ၏ ခြေဖမိုးနှစ်ခုပေါ်သို့ ကိုယ်ဝန်တု သစ်သားဗန်းကြီး ပြုတ်ကျ၏။
the immitated preynancy arched timber droped down on both back of soles.
ဒုန်း
Doone!...
အမလေး · · · သေပါပြီတော့ · · ·
Oh!... my ... I'll die.

စိဉ္စမာဏာ၏ ခြေနှစ်ချောင်း သွင်သွင် ကျိုးကြေလေသည်။
ပရိသတ်အပေါင်းလည်း အထင်အရှား မြင်တွေ့လိုက်ကြ၏။
The two legs of Seinsamana had broken. All audiences saw clearly.
ဟယ်...
ကိုယ်ဝန်တုကြီးပဲ...
Hel!... This is immitated pregnancy.
ဟုတ်ပြီ...ဒီမိန်းမ
ဘုရားရှင်ကို တမင်သက်သက်
လာ အရှက်ခွဲတာပဲ...
Right, this woman comes and puts to shame to Lord Buddha purposely.
စိဉ္စမာဏာ...
မိန်းမယုတ်မပဲ...
Seinsamana, you're inferior woman.
လူပရိသတ်အပေါင်းတို့သည် အဖြစ်မှန်ကို သိကြသောအခါ
စိဉ္စမာဏာအား မုန်းတီး ရွံရှာ သွားကြသည်။
When all audiences knew real happening, they hated and loathed on Seinsamana.
စိဉ္စမာဏာ ကား နာကျင်လှသော
ခြေနှစ်ချောင်းကို အားတင်းထောက်
ကာ ပြေးဖို့ ကြိုးစား၏။
Seinsamana tried to run in strength with her two pain legs.

မိန်းမယုတ်··· ထွီ ···
Inferior woman, Htwee!...
ရွံ့စရာ ကောင်းလိုက်တဲ့ မိန်းမ···
She's loathing woman.
လူ ပရိသတ်တို့သည် စိဉ္စမာဏအား ရွံရှာ စက်ဆုပ်စွာ တံတွေးဖြင့် ထွေး ကြသည်။
Men spitted loathedly to Seinsamana.
ခဲ၊ တုတ် ဖြင့် ရိုက်နှက် မောင်းထုတ် ကြသည်။
They beat with sticks and threw with bricks and drove away.
သွားစမ်း··· မိန်းမယုတ်···ဗုဒ္ဓဘုရားရှင် ကိုတောင် လာ စော်ကား စွပ်စွဲရသလား···
Stay away, inferior woman. Do you dare to accuse and insult to Lord Buddha?
သင့်လောက် မိုက်မဲတဲ့ မိန်းမ မရှိတော့ဘူး··· ကဲဟာ···
No one is as foolish as you ... ke'.

စိဉ္စမာဏာလည်း အမျက်ဒေါသကြီးနေသော ပရိသတ်
လက်မှ လွတ်အောင် ပြေးရတော့သည်။
Seinsamana run to escape from angry
audiences.
လူအပေါင်း ပစ်ခတ်လိုက်ကြသော ခဲ၊ တုတ် တို့၏
ဒဏ်ရာ ဒဏ်ချက်တွေက ခန္ဓာအနံ့ နာကျင်လှ၏။
She got pain because of wounds all
men did.
ငါ့ရဲ့ . . .
အရှင်သခင် ဆရာကြီးတွေဆီကို
အရောက်ပြေးမှပဲ . . .
I must run to my master
heretics.
စိဉ္စမာဏာ ကား မိမိ အားကိုးရာ
တိတ္ထိဆရာကြီးများရှိရာသို့ ရှောင်
ပြေးဖို့ ကြိုးစားသည်။
Seinsamana tried to abscond
to her depending heretics.

သို့သော် သူမ ပြုမိသော အကုသိုလ်ကံ
အကျိုးက သူမကို ခွင့်မလွှတ်နိုင်ပါချေ။
But, the result of misded she did
wouldn't allow her.
ဗုဒ္ဓဘုရား၏ မျက်ကွယ်ရောက်သည်နှင့်
မဟာပထဝီ ကမ္ဘာမြေကြီး ကွဲအက်ကာ
ငရဲမီးတို့ ကျွမ်းလောင်း၏။
As soon as she got behind Lord
Buddha, the earth cracked and
was burnt in fires of hell.
ဒိန်း
Dane!...
အား
အမယ်လေး
ကယ်ကြပါ...
Arr... Oh!...
my ... Help me.
ဝုန်း
... Wonne!...

ရဲရဲနီလျက် ပွက်ပြင်းလှသော ငရဲမီးလျှံကြီးထဲတွင် စိဉ္စမာဏ မပြေးနိုင်တော့ချေ။
Seinsamana couldn't run in deeply hot fires of hell.
အလျှံတညီးညီး မီးတောက်ကြီးက တစ်ကိုယ်လုံးကို ဝါးမျို နေတော့၏။
Big flame burnt the whole body of Seinsamana.
my ... Help me. Arr...
စိဉ္စမာဏ ကား အားကိုးရာ တိတ္ထိဆရာကြီးများကို တမ်းတသော်လည်း မည်သူမှ မကယ်တင်နိုင်ချေ။
Though Seinsamana yearned her depending heretics,nobody could help her.

ကြောက်မက်ဖွယ်ကောင်းသည့် ငရဲမီးတောက်တွေက စိဉ္စမာဏ
အား မဟာအဝီစိငရဲသို့ ခေါ်ဆောင်သွားတော့၏။
Seinsamana couldn't run in deeply hot fires
of hell.
ဝေါ့...ဝေါ့...ဝေါ့...
... Wall!... wall!... wall!...
... Arr!...
အတုမဲ့သောဗုဒ္ဓဘုရားရှင်အား ပြစ်မှား
စော်ကားမိသူအတွက် အကုသိုလ်ငရဲ
ကား လက်ငင်းကျရောက်ခဲ့ခြင်းပင်ဖြစ်
လေသည်။
The misdeed hell effected
immediately the one who
insulted and wrong on The
Lord Buddha.
woone!

စိဉ္စမာဏ၏ ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးကြီးကို တိတ္ထိဆရာကြီးတို့ ကြားသိသောအခါ ချောက်ချားတုန်လှုပ် ကုန်၏။
When heretics heard terrified misfortune of Seinsamana, they were frightened.
ဘာရယ်··· ငရဲမီးလျှံတွေ တောက်လောင်သွားတယ်···
What?... Was she burnt in fires of hell?
ဟုတ်ပါတယ်··· ငရဲမီးတွေ လောင်ကျွမ်းပြီး မဟာပထဝီမြေကြီးထဲ နစ်မြုပ်သွားတာပါ···
Yes, she was burnt and got into the earth.
အမလေး··· လေး···
Oh!... my,
တပည့်တော် မျက်မြင်ပါ ဆရာကြီး···သိပ် တုန်လှုပ်စရာ ကောင်းပါတယ်···
That was my personal experience, teacher. It was so terrified.

ကိုယ်တွေ့ မြင်တွေ့ရသော တပည့်တစ်ဦးစကားကို ပြန်နားထောင်ရင်း တိတ္ထိဆရာကြီး ကတုန်ကယင် ဖြစ်လာသည်။
On listerning the words of a pupil in his personal experience, heretic was agitatedly.
စိ...စိဥ္စမာဏာ... ငရဲပြည်လားသွားတဲ့လား... အမလေး...ငါ ... ငါ ...
Has Seinsamana got to hell? Oh!... my, I ... I.
တိတ္ထိဆရာကြီး ခြေထောက်တွေ အဆောက်အဦးကြမ်းပြင်ပေါ်တွင်ပင် မရပ်တည်ရဲတော့...
The legs of heretic couldn't stand well on floor.
အမလေး... ငါ့ခြေထောက်တွေ ပူလောင်လာသလိုပဲ...
Oh!... my, I think that my legs become hot.
ဆ... ဆရာကြီး သတိထားပါ...
Teacher, Take care.

I... I fear. Fires of hell... Arr!...
တိတ္ထိဆရာကြီး သွေးရူးသွေးတန်း ဟစ်အော်ကာ အခန်းထဲ ပြေးဝင်သွား၏။
Heretic screamed hysterically and ran into the room.
မိမိ စီစဉ် စေခိုင်းခဲ့သော ကိစ္စ...၊ တပည့်မ စိဉ္စမာဏ ငရဲပြည်သွားခဲ့ပြီ။
That was I ordered. Pupil Seinsamana has got to hell.
ဗုဒ္ဓဘုရားရှင်ကို ပြစ်မှားစော်ကား မိသော အကျိုးကို ချက်ချင်းရင် ဆိုင်သွားရသည်။
She faced with result of insulting on Lord Buddha immediately.
Arr... Arr... Don't come. I fear.

တိတ္ထိဆရာကြီးကား အခန်းတံခါးပိတ်ကာ ကယောင်ကတမ်း အော်ဟစ်နေ၏။
Heretic closed the door and shouted ramblingly.
မိမိပြုခဲ့သော အမှုအတွက် မိမိပါ ဘေးရန်သင့်မှာကို ကြောက်လန့်ကာ သွေးပျက်သွားခြင်းပင်...
That was daranging due to his wrong deed in fright.
အား...အား...ကြောက်တယ်...
Arr... Arr... I fear.
ဆရာကြီး...
ဆရာကြီး...
Teacher,...
Teacher.
တပည့်တွေ အခန်းအပြင်က ဝိုင်းဝန်းဟစ်ခေါ်နေပေမယ့် မကြားနိုင်။
Though pupils called loudly from out of door, he couldn't hear.
အရိပ်မဲကြီးက သူ့ကို ခြောက်လှန့်နေပြီလေ။
His misdeed made him fright.

နောက် တစ်နေ့တွင် သာဝတ္ထိတစ်ပြည်လုံး ပြောမဆုံး
ကြသည်က စိဉ္စမာဏာ မိန်းမယုတ်အကြောင်းဖြစ်၏။
People of whole Savathi Kingdom told endlessly about inferior Seinsamana on next day.
ဘုရားရှင်ကိုမှ ပြစ်မှား စော်ကား ရဲတယ်တဲ့ . . .
She dared to wrong and insult to Lord Buddha.
အခုတော့ မဟာအဝီစိငရဲမှာ မကျွတ်တမ်း ခံနေရပြီပေါ့ . . .
She is in suffering of Avisi hell unemancipatedly now.
အင်း . . . မကောင်းမှု အကုသိုလ်က ကြောက်စရာ ကောင်းလိုက်တာနော် . . .
Inn, misdeed is frightening.
သာဝတ္ထိပြည်သားတို့သည် စိဉ္စမာဏာ အကြောင်း ပြောရင်း ဗုဒ္ဓဘုရားရှင်၏ အပေါ်တွင် ပိုမိုကြည်ညိုလာကြသည်။
Savathi citizens paid respect more on Lord Buddha on telling about Seinsamana.

တိတ္ထိကြီးတို့၏ ယုတ်မာမှုအကြောင်းတွေ ကိုလည်း လူတွေ ပြောမဆုံးကြချေ။
People were talking being inferior of heretics endlessly.
အလကား လူလိမ်ကြီး တွေပဲ···
They are unuseful liers.
သေချာတာပေါ့··· စိဥ္စမာဏကို စေခိုင်းခဲ့တာလည်း သူတို့တွေပဲလေ···
Sure, they are ones who ordered Seinsamana.
လူတွေက သူတို့ကို မပူဇော်တော့ လာဘ် ယုတ်လျော့လာတာကြောက်ပြီး ဘုရားရှင်ကို အထင်မှားအောင် လုပ်ခိုင်းတာတဲ့···
They ordered to misunderstand on Lord Buddha because they are afraid of less bribes.
တော်တော် ယုတ်မာတဲ့ တိတ္ထိကြီးတွေပဲ···
Heretics are so inferior.
တိတ္ထိဆရာကြီးဆို စိဥ္စမာဏ အကြောင်းကြားပြီး သွေးပျက်သွားတယ်တဲ့···
Heretics were deranged due to hearing about Seinsamana.

သူ့
အကုသိုလ် အရိပ်ကြီးကို သူ
ပြန်ကြောက်လန့်နေတာ ဖြစ်မှာပေါ့...
It seems he is frightening
his misdeed.
အခုဆိုရင်
တိတ္ထိကြီးတွေကို
ကိုးကွယ် ယုံစားနေကြသူတွေ
လျော့ပါး ကုန်ပြီတဲ့...
Now, the ones who
worshipping at heretics
are lesser.
လူတွေကို
လိမ်ညာပြီး စားသောက်နေကြတဲ့
သူတွေကို ဘုရားရှင်ရဲ့ မေတ္တာဓာတ်နဲ့
တွေ့တော့ မနေနိုင်ဘူးပေါ့...
They are having food in lie. But,
when they face with loving
kindness of our Lord Buddha,
they couldn't stand.
တိတ္ထိဆရာကြီးတို့၏ ယုတ်မာမှုကို
သိကုန်သောလူတို့သည် ရှောင်ဖယ်
ကြကုန်သည်။
The ones who knew about being
inferior of heretics kept away
from them.

ကိုးကွယ်ဆည်းကပ်သူများ လျော့ပါးလာသဖြင့် တိတ္ထိ ဆရာကြီးတို့မှာ လာဘ်သက္ကာရ လျော့ပါးလာကြသည်။
As the worshippers were lesser, heretics got lesser bribes.
အင်း· · · ကြာရင် ငါတို့တော့ ထမင်း ငတ်ကိန်းပဲ· · ·
Inn, if it takes long time, we'll get in suffering.
လူတွေက ရှင်ဂေါတမ အရိပ်အောက်ကို ရောက်ကုန်ကြပြီ· · ·
Men are at Ashin Gautama now.
ဗုဒ္ဓမြတ်စွာဘုရားရှင်အား ပူဇော်သူများမှာ တိုးပွားလာကာ ရှေးကထက်ပင် ပြည့်စုံများပြားလာခဲ့၏။
The ones who worshipping on Lord Buddha were more than before.

လူအပေါင်းကို လိမ်ညာနေသော တိတ္ထိဆရာကြီးတို့
အကြောင်းကို သာဝတ္ထိတစ်ပြည်လုံး သိကုန်သည်။
All Savathi citizens knew about lied heretics in the whole Kingdom.
အလကား လူညာတွေ ဘာ ယာဂုမှ မလောင်းကြနဲ့· · ·
They are unuseful ones. Don't offer any rice porridge.
ရဟန်းသံဃာတွေ အတွက်ပဲ သဒ္ဓါတယ်· · ·
I feel generous on monks.
အားလုံးက ဖယ်ကြဉ်လာသဖြင့် တိတ္ထိ ဆရာကြီးတို့မှာ ဆွမ်းဟင်းအတွက်ပင် ခက်ခဲ လာသည်။
As all deserted, heretics are in difficulties for food.
တရားစစ် တရားမှန် မဟုတ်သော တိတ္ထိ ဆရာကြီးတို့ အယူဝါဒကား သာဝတ္ထိပြည် တွင် ကျရှုံးခဲ့လေပြီ။
Unreal ism of heretics failed in Savathi Kingdom.

ဗုဒ္ဓဘုရားရှင်သည် စိဉ္စမာဏ မိန်းမယုတ်၏ရန်ကို
အောင်မြင်တော် မူခဲ့သည်။
The Lord Buddha conquered on
inferior Seinsamana.
ထိုအောင်ခြင်းက ဗုဒ္ဓဘုရားရှင်၏
အောင်ခြင်းရှစ်ပါးတွင် ငါးခုမြောက်
သော အောင်ခြင်းပင် ဖြစ်၏။
This conquerement
was fifth times in
Eight glorious victories
of Lord Buddha.
ဗုဒ္ဓဘုရားရှင်အား ပြစ်မှား စော်ကားမိသော စိဉ္စမာဏ မိန်းမယုတ်ကား
မဟာအဝီစိ ငရဲတွင် ယနေ့တိုင် ခံယူ နေရဆဲပါတည်း။
The inferior Seinsamana who wounded and insulted on
Lord Buddha, gets suffering in Avisi hell till today.
အရှင်ဓမ္မသာမိဘိဝံသ···မူလမဟာဗုဒ္ဓဝင်မှ
From original Buddha's birth series of
Ashin Dhamathamibiwontha
ပြီး
The End.